# The Independent Investigative Mechanism for Myanmar (IIMM)

## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေး ယန္တရား

### ဖွဲ့စည်းတည်ထောင်ခြင်း

- IIMM ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းစတင်လည်ပတ်သည်။ ဂျီနီဗာမြို့တွင် အခြေစိုက်သည်။

### ဖွဲ့စည်းတည်ဆောက်ပုံ

- IIMM ကို ဦးဆောင်သူ နီကိုလပ်စ် ကိုမ်ဂျီယန်သည် အမေရိကန်နိုင်ငံမှ နိုင်ငံတကာတရားစွဲအရာရှိ ဖြစ်သည်။
- IIMM တွင် စုံစမ်းစစ်ဆေးရေးအရာရှိများ၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူများ၊ ဘာသာပြန်ဆိုသူများနှင့် ရှေ့နေများအပြင် စစ်ဖက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် လိင်နှင့် ကျားမကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများနှင့် ကလေးအခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်သည်။

### လုပ်ပိုင်ခွင့်

IIMM ကို အောက်ပါလုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်။

- သက်သေအထောက်အထားများကို စုဆောင်းခြင်း - "၂၀၁၁ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ကျူးလွန်မှုများနှင့် ဆိုးဝါးပြင်းထန်သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ သက်သေအထောက် အထားများကို စုဆောင်းပြုစုခြင်း၊ ခိုင်မာအောင် တည်ဆောက်ခြင်း၊  ထိန်းသိမ်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်းများ ဆောင်ရွက်ရန်။"
- ကျူးလွန်သူများကို တရားစွဲဆိုရန် ပြင်ဆင်ခြင်း - "အပြည်ပြည်ဆိုင်ရာ ဥပဒေစံနှုန်းများနှင့် အညီ လွတ်လပ်၍မျှတသော ရာဇဝတ်မှုဆိုင်ရာ တရားရေးစီရင်ရေးလုပ်ငန်းများ လျှင်မြန် ထိရောက်၍ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အချက်အလက်ဖိုင်များကို ပြုစုပြင်ဆင်ခြင်း။"
- အနာဂတ်တွင် ထိုရာဇဝတ်မှုများအပေါ် တရားစီရင်မည့် သို့မဟုတ် စီရင်ပိုင်ခွင့်ရှိမည့် ပြည်တွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများ သို့မဟုတ် ခုံရုံးများ၏ လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်း

### IIMM ၏ အချက်အလက်ဖိုင်များတွင် ထည့်သွင်းပြုစုရမည့် သတင်းအချက်အလက်များ

- ရာဇဝတ်မှုများအတွက် အဓိကတာဝန်ရှိသူလူပုဂ္ဂိုလ်များကို အာရုံစိုက်ရန်
- ထိုလူပုဂ္ဂိုလ်များက ကျူးလွန်သော ရာဇဝတ်မှုများ
- ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုအမျိုးအစားများ (ဥပမာအားဖြင့် အမိန့်ပေးခြင်းအရ သို့မဟုတ် ရာထူးကြီးမှုအရ တာဝန်ရှိခြင်း)
- ဆက်နွယ်ပတ်သက်မှု သက်သေအထောက်အထားများ - ရာဇဝတ်မှုများနှင့် တာဝန်ရှိသော  လူပုဂ္ဂိုလ်များအကြား ဆက်စပ်မှု တည်ဆောက်တင်ပြရန်

1 — Fact-Finding Mission
2 — Independent Investigative Mechanism for Myanmar
3 — International Criminal Court
4 — International Court of Justice
5 — Universal Jurisdiction



Burmese - March 2022
asia-ajar.org

## အားသာချက်များ

- အခြားသူများ အသုံးပြုနိုင်ရန်အတွက် သက်သေအထောက်အထား အချက်အလက် ဖိုင်များကို IIMM က ပြုစုသွားမည်ဖြစ်၍ ရာဇဝတ်မှု ကျူးလွန်သူများကို အနာဂတ်တွင် တရားစွဲဆိုရန် ပိုမိုလွယ်ကူစေပါလိမ့်မည်။
- IIMM ၏ လုပ်ပိုင်ခွင့်သည် အတိတ်ဖြစ်ရပ်များကို စုံစမ်းရန်သာ ကန့်သတ်ထားခြင်းမျိုး မဟုတ်ဘဲ လက်ရှိ ဖြစ်ပျက်နေသည်များကိုလည်း စုံစမ်းရန်ဖြစ်သည်။ မြန်မာနိုင်ငံတွင်း အဖြစ်အပျက်များကို အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ပြီး ရာဇဝတ်မှုအသစ်များ၏ သက်သေအထောက်အထားများကို စုဆောင်းပြုစု သွားမည် ဖြစ်သည်။
- IIMM သည် အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ၏ ဆောင်ရွက်ချက်များအပေါ်တွင် အခြေတည်၍ တည်ဆောက်မည် ဖြစ်ပါသည်။ FFM သည် ၎င်းစုဆောင်းပြုစုထားသော အချက်အလက်များကို IIMM သို့ ပေးအပ်ခဲ့သည်။
- IIMM က စုဆောင်းပြုစုထားသော သတင်းအချက် အလက်များကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC)၊ အပြည်ပြည်ဆိုင်ရာ တရားခုံရုံး (ICJ) နှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အခြေခံမှုအရ ဖွဲ့စည်းသော ခုံရုံးများ (အာဂျင်တီးနားနိုင်ငံအတွင်း အမှုကဲ့သို့သော) အပါအဝင် အခြားခုံရုံးများတွင်လည်း အသုံးပြုနိုင်ပါသည်။
- အရပ်ဖက်လူမှုအဖွဲ့အစည်းများက IIMM နှင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီး သတင်းအချက်အလက်များနှင့် မှတ်တမ်းများကို ပေးအပ်နိုင်ပါသည်။
- IIMM က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံသို့ အစီရင်စာများ ပုံမှန်တင်သွင်းပြီး ထိုအစီရင်ခံစာများကို မည်သူမဆို ရယူဖတ်ရှုနိုင်အောင် ထုတ်ပြန်သည်။

## ကန့်သတ်ချက်များ

- IIMM သည် ကျူးလွန်သူ မည်သူတဦးတယောက်ကိုမျှ တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးနိုင်ခြင်းများ မဆောင်ရွက်နိုင်ပါ။ သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့် ဖိုင်များပြုစုခြင်းသာ ဆောင်ရွက်နိုင်ပါသည်။
- IIMM သည် တရားရုံး သို့မဟုတ် ခုံရုံးတစ်ခု မဟုတ်ပါ။ တရားခုံရုံး မကျင်းပနိုင်ပါ။ အနာဂတ်တွင် ကျူးလွန်သူများကို တရားစွဲဆိုမည့် တရားခုံရုံးများသို့ သက်သေအထောက်အထားများ ပေးအပ်ပါလိမ့်မည်။
- လက်ရှိကာလတွင် စစ်တပ်က IIMM ကို မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့် ငြင်းပယ်ထားသည်။
- IIMM ၏ လုပ်ငန်းဆောင်တာအဝဝကို  အများပြည်သူများက သိခွင့်မရနိုင်ပါ။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက် အသေးစိတ်ကို အများပြည်သူသိရှိနိုင်ရန် အစီရင်ခံ ထုတ်ပြန်တင်ပြခြင်း ပြုလုပ်လိမ့်မည် မဟုတ်ပါ။ (၎င်းဆောင်ရွက်ပုံနည်းလမ်းသည် FFM နှင့် မတူကွဲပြားမှုပင် ဖြစ်သည်။)

## ၂၀၂၁ အကြမ်းဖက်မှု

- IIMM သည် အတိတ်က ရာဇဝတ်မှုများကို မှတ်တမ်းပြုစုနေသည့်အပြင် ဖေဖော်ဝါရီ ၂၀၂၁ စစ်အာဏာသိမ်းမှုနောက်ပိုင်း ကျူးလွန်သော အကြမ်းဖက်မှုများကိုလည်း စောင့်ကြည့်နေပြီး မှတ်တမ်းပြုစုနေပါသည်။
- အပြည်ပြည်ဆိုင်ရာ ဥပဒေအရ မတရားသော အမိန့်များနှင့် မူဝါဒများနှင့်ပတ်သက်သော သတင်းအချက်အလက်များ ရရှိသော လူပုဂ္ဂိုလ်များအနေဖြင့် IIMM နှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် IIMM က ဖိတ်ခေါ်တောင်းဆိုထားပါသည်။ (အဆင့်မြင့် ခေါင်းဆောင်နေရာများ ရယူထားသောသူများ၏ တာဝန်ရှိမှုကို သက်သေပြရန်)
- ကနဦးခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်များအရ သတ်ဖြတ်မှု၊ ဖိနှိပ်မှု၊ ထောင်သွင်းအကျဉ်းချမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အစဖျောက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုအပါအဝင် အရပ်သားများအပေါ် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်မှု၏ တစိတ်တပိုင်းအဖြစ် လူသားများအပေါ် ဆန့်ကျင်တိုက်ခိုက်သော ရာဇဝတ်မှုများကို (Crimes against Humanity) ကျူးလွန်နိုင်ကြောင်း IIMM က ထုတ်ဖော်ပြောကြားထားသည်။

## အရပ်ဖက်လူထုအဖွဲ့အစည်းများ၏ ဖြစ်နိုင်ခြေရှိသော ထိတွေ့ဆောင်ရွက်မှု

**အရပ်ဖက်အဖွဲ့အစည်းများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည်။**

- သတင်းအချက်အလက်နှင့် မှတ်တမ်းများအား IIMM သို့ ပေးပို့ခြင်း
- သက်သေခံအထောက်အထားများကို IIMM သို့ ပေးအပ်နိုင်ရန် ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို ကူညီပေးခြင်း။
- IIMM ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူသို့ ရှင်းပြပေးခြင်းနှင့် ကျူးလွန်ခံ ရသူများ၏ မျှော်လင့်ချက်များကို ထိန်းကျောင်းပေးခြင်း။
- IIMM တွင် ဒေသအလိုက် လူ့အခွင့်အရေးမှတ်တမ်း ပြုစုရေး ကြိုးပမ်းဆောင်ရွက်ချက်များအပါအဝင် ဒေသခံလူမျိုးစု (တိုင်းရင်းသား) များ၏ အခြေအနေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများကို နားလည်တတ်ကျွမ်းသော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရေး အာမခံရန် UN နှင့် IIMM ၏ အဖွဲ့ခေါင်းဆောင်ကို တိုက်တွန်းလှုံ့ဆော်ရန်။ ထို့အပြင် IIMM တွင် ဒေသခံလူမျိုးစု (တိုင်းရင်းသား) အဖွဲ့များ၏ ကိုယ်စားပြုမှုကိုလည်း အာမခံရန်အတွက် တိုက်တွန်းရန်။
- IIMM နှင့် ပူးပေါင်းဆောင်ရွက်သည့် ထိခိုက်လွယ်သော ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများအတွက် IIMM က သင့်လျော်သော ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများပေးအပ်ရေး အာမခံရန် တိုက်တွန်းလှုံ့ဆော်ရန်။

**သတင်းအချက်အလက်ပိုမိုသိရှိလိုပါက အောက်ပါစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။:**

https://iimm.un.org